**Republic of the Union of Myanmar**

**Information Team**

**Press Release (3/2014)**

2 April 2014

3 Waxing of Tagu, 1375 ME

**Press Statement in relation to the telephonic conversation between**

**H.E U Thein Sein, the President of the Republic of the Union of Myanmar and**

**UN Secretary General Mr. Ban Ki-moon**

1. U Thein Sein, the President of the Republic of the Union of Myanmar made the following briefing to Mr. Ban Ki-moon, the Secretary-General, who called him on the telephone in the morning of 31 March, 2014:

   a. After the riots broke out in Sittway in Rakhine State on 26th and 27th of March, the Government has managed to restore peace and stability. Law and order is now prevailing there.

   b. The Government has taken necessary measures to ensure the safety and protection of all members of UN Agencies, Humanitarian Aid Agencies.

   c. The Government has made arrangements for the Staff and Aid workers who would like to leave Sittway and has provided safety and protection to those who wish to retain in Sittway.

   d. The President thanked the UN Secretary General for the humanitarian assistances provided and mentioned his desire to continue to cooperate with the UN and International Organizations for the effective delivery of humanitarian assistances.

   e. An investigation commission has been formed to investigate the event occurred in Sittway, Rakhine State and the report of the investigation would be submitted to the President.

   f. The Government of Myanmar will take necessary actions against offenders in accordance with the law.

   g. The Government is cooperating with the United Nations Population Fund-UNFPA in conducting the Nationwide Census Taking Process to be in line with the international standards.

   h. 20 international observers are observing the census taking process throughout Myanmar.

   i. The President has sent the team led by the Vice President comprised of the Union Minister for Immigration and Population and relevant Deputy Ministers to Rakhine State for necessary managements.

2. The Government of the Republic of the Union of Myanmar is committed to ensure peace and stability in Rakhine State and for successful implementation of the National Census Taking Process with the entire people. The Republic of the Union of Myanmar will continue to cooperate with the United Nations and INGOs in accordance with her Foreign Policy.

**Information Team**

*(Source: The Official Website of the President Office)*

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**သတင်းထုတ်ပြန်ချက် (၃/၂၀၁၄)**

၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက်
၁၃၇၅ ခု၊ တန်ခူးလဆန်း ၃ ရက်

**နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းမှ စကားပြောကြေးနန်းဖြင့် ဆက်သွယ် ပြောကြားချက်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း**

၁။ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် စကားပြောကြေးနန်းဖြင့် ဆက်သွယ်၍ အောက်ပါအတိုင်းဆွေးနွေး ပြောကြားခဲ့သည်-

(က) ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက် နှင့် ၂၇ ရက်များ၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အချိန်မီထိန်းသိမ်းမှုကို ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအချိန်တွင် အခြေအနေတည်ငြိမ်၍ တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိနေ ပြီဖြစ်ကြောင်း၊

(ခ) ယင်းဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ ဘေးကင်းလုံခြုံရေးနှင့် ယင်းတို့နှင့်သက်ဆိုင်သည့် အဆောက်အအုံများ လုံခြုံရေးတို့အတွက် အပြည့်အဝကာကွယ်စောင့်ရှောက်ပေးထားကြောင်း၊

(ဂ) စစ်တွေမြို့မှ ပြန်လည်ထွက်ခွာလိုသော အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် လုပ်သားများ ဘေးကင်းစွာပြန်လည်ထွက်ခွာနိုင်ရန် စီစဉ်ဆောင်ရွက် ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသူများနှင့် အဆောက်အအုံများ လုံခြုံရေး အပါအဝင် လိုအပ်သောပံ့ပိုးမှုများကိုလည်း အစိုးရက ကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း၊

(ဃ) ကုလသမဂ္ဂမှ လူသားချင်းစာနာထောက်ထားသော ထောက်ပံ့ ကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆက်လက်၍လည်း ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ကူညီမှုများအား ထိရောက်စွာထောက်ပံ့နိုင်စေရန် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(င) စစ်တွေမြို့တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်အပေါ် ဖြစ်စဉ်အမှန် ပေါ်ပေါက်ရေး အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းတာဝန်ပေး၍ စစ်ဆေး စေလျက် ရှိပြီး နိုင်ငံတော်သမ္မတထံအစီရင်ခံစာတင်ပြစေရန် ဆောင်ရွက်ထားကြောင်း၊

(စ) နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေနှင့်မညီညွတ်သော မည်သည့် ချိုးဖောက်မှုမျိုးကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ သွားမည်ဖြစ်ကြောင်း၊

(ဆ) မြန်မာနိုင်ငံတစ်ဝန်း သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို နိုင်ငံတကာ အဆင့်အတန်းနှင့်ညီညွတ်စေရန် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊

(ဇ) ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းအား လေ့လာနိုင်ရန် နိုင်ငံတကာမှ လေ့လာသူ ၂၀ ဦးကို လက်ခံထား ရှိကြောင်း၊

(ဈ) ဒုတိယသမ္မတဦးစီး၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ ပါဝင်သောအဖွဲ့အား ရခိုင် ပြည်နယ် သို့စေလွှတ်၍ လိုအပ်သည့် စီမံခန့်ခွဲမှုများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေခဲ့ကြောင်း။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် တည်ငြိမ် အေးချမ်းရေးနှင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမှု အစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ချမှတ်ထားသော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကုလသမဂ္ဂ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ် ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

* * *

(မြန်မာ့အလင်းသတင်းစာ၊ ၂-၄-၂၀၁၄)